## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥပဒေအမှတ် ၁၇/၂၀၂၃

## ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

## (၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ဝန်ကြီးဌာနသည် အောက်ပါအချက် တစ်ချက်နှင့်ငြိစွန်း ကြောင်းတွေ့ရှိပါက လုပ်ငန်း အသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်-

(က) လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုး မဖြောင့်သော သဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထား ခဲ့ခြင်း၊

(ခ) ပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသည် ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်း ပေးပို့ခြင်းကို လက်ခံရရှိလျှင်သော် လည်းကောင်း၊ကိုယ်တိုင်သိရှိလျှင်သော် လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိခြင်း။"

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာနှင့် စပ်လျဉ်း၍ တရားမဝင် ထုတ်ဝေစာဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကြေညာနိုင်သည်။"

၄။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ တရားမဝင် ထုတ်ဝေစာဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်နှင့် တစ်ပြိုင် နက် ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အခြားသူ

တစ်ဦးဦးသည် ယင်းတရားမဝင် ထုတ်ဝေစာများကို ရာဇဝတ် ကျင့်ထုံးဥပဒေနှင့်အညီ သိမ်းယူနိုင်သည်။”

၅။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော “ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော” ဆိုသည့် စကားရပ်ကို “ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ